ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၈၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ နဝမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကော်မတီတာဝန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကျန်းမာရေး။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေး။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လှည်းကူးမြို့နယ်အတွင်းရှိ ဆင်ဖုန်ချောင်းနှင့် လျှော်ကော်ရိုးတစ်လျှောက် တိမ်ကောပိတ်ဆို့နေမှုများအား ရှင်းလင်းတူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ဂဲဂလိတ်ချောင်း နှင့် စွယ်လပ်ချောင်း ရေထွက်ပေါက်(၃)ခုအား လိုအပ်သော ရေထွက်ပေါက်များ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က လှည်းကူးမြို့နယ်အတွင်းရှိ ဆင်ဖုန်ချောင်းနှင့် လျှော်ကော်ရိုးတစ်လျှောက် တိမ်ကောပိတ်ဆို့နေမှုများအား ရှင်းလင်းတူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ဂဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်းရေထွက်ပေါက်(၃)ခုအား လိုအပ်သော ရေထွက်ပေါက်များ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဆွေအောင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လှည်းကူးမြို့နယ်အတွင်းရှိ ဆင်ဖုန်ချောင်းနှင့် လျှော်ကော်ရိုးတစ်လျှောက် တိမ်ကောပိတ်ဆို့နေမှုများအား ရှင်းလင်းတူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ဂဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်း ရေထွက်ပေါက် (၃)ခုအား လိုအပ်သော ရေထွက်ပေါက်များ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်အတွင်းရှိ ဆင်ဖုန်ချောင်း၊ ဂဲဂလိတ် ချောင်း၊ စွယ်လပ်ချောင်းနှင့် လျှော်ကော်ရိုးတလျှောက်တွင် တိမ်ကောနေပြီး ဒိုက်များဖြင့် ပိတ်ဆို့နေ ပါတယ်။ ဆင်ဖုန်ချောင်းမှ ရေများဟာ ဆင်ဖုန်ရေတံခါးမှတစ်ဆင့် ငမိုးရိပ်ချောင်း အတွင်းသို့ စီးဆင်း ပါတယ်။ လျှော်ကော်ရိုးမှ ရေများဟာလည်း စစ်ပင်ရေတံခါးမှတစ်ဆင့် ငမိုးရိပ်ချောင်း အတွင်းသို့ စီးဆင်း ပါတယ်။ ဂဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်းများမှ ရေများသည် Dy-2 မြောင်း အောက်ရှိ ရေထွက်ပေါက် (၃)ပေါက်မှ ပဲခူးမြစ်ထဲသို့ စီးဆင်းပါတယ်။ ရေထွက်ပေါက် (၃)ပေါက်၏ ရေထွက်အားမှာ မိုးရေများ ဝင်ရောက်မှုနှင့် မျှတမှုမရှိ ဖြစ်နေပါတယ်။

အဆိုပါ ချောင်းများနှင့် ရိုးများသည် တိမ်ကောပြီး ဒိုက်များ ပိတ်ဆို့နေခြင်းကြောင့် သက်ဆိုင်ရာ ရေတံခါးများမှတစ်ဆင့် ငမိုးရိပ်ချောင်းနှင့် ပဲခူးမြစ်အတွင်းသို့ စီးဆင်းနိုင်ခြင်း မရှိပါသဖြင့် ပတ်ဝန်းကျင် ရှိ လယ်မြေများအတွင်းသို့ ရေများ ဝင်ရောက်ပြီး ရေကြီးနစ်မြုပ်လျက်ရှိပါတယ်။ ရေကြီးနစ်မြုပ်နေသော လယ်ဧကမှာ ဧက(၆၀၀၀)ခန့် ရှိပါတယ်။ လယ်သမားများ၏ ဘဝမြင့်မားရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် ဆင်ဖုန်ချောင်း၊ ဂဲဂလိတ်ချောင်းနှင့် လျှော်ကော်ရိုး တစ်လျှောက် တိမ်ကောပိတ်ဆို့မှုများအား အမြန်ရှင်းလင်းပေးပါရန် လိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ တိမ်ကောနေမှုများအား ရှင်းလင်းဖယ်ရှားပေးနိုင်ရေးအတွက် လယ်သမားများ၏ကိုယ်စား အောက်ပါမေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် ရိုသေစွာ တင်ပြအပ်ပါတယ်။ မေးခွန်း(၁) အဆိုပါ ဆင်ဖုန်ချောင်းနှင့် လျှော်ကော်ရိုးတစ်လျှောက် တိမ်ကောပိတ်ဆို့နေမှုများအား ရှင်းလင်းတူးဖော်ရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၂) ငဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်း ရေထွက်ပေါက် (၃)ပေါက်အား လိုအပ်သော ရေထွက်ပေါက်များ တိုးချဲ့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၃) ဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပြီး မည်သည့်အချိန်တွင် ဆောင်ရွက်ပြီးမည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံ လယ်သမားများ၏ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**စလင်းမြို့နေ မြို့သူမြို့သားအားလုံး သောက်သုံးရေအတွက် အဓိကအားထားရာဖြစ်သော ဝက်သည်းကန်အား ကန်ဆယ်လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် က စလင်းမြို့နေ မြို့သူမြို့သားအားလုံး သောက်သုံးရေအတွက် အဓိကအားထားရာဖြစ်သော ဝက်သည်းကန်အား ကန်ဆယ်လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အမျိုးသားလွှတ်တော် ကော်မရှင်အဖွဲ့ဝင်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ မေးမြန်းလိုသော မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နေ မြို့သူမြို့သားများအားလုံး သုံးဆောင်ရေအတွက် အဓိကမှီခိုအားထားရာဖြစ်သော ဝက်သည်းကန် အား ကန်ဆယ်လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်းမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ဒီနေရာမှာ ကျွန်တော်တို့ စလင်းမြို့ဟာ အညာဒေသရဲ့ မြို့လေးတစ်မြို့ ဖြစ်တဲ့အတွက်ကြောင့် စလင်းမြို့ကို မသိရှိတဲ့သူများ သိရှိအောင် စလင်းမြို့ တည်နေရာပြမြေပုံလည်း ကျွန်တော် တင်ပြထားပါတယ်။ ကျွန်တော်တို့ စလင်းမြို့ဟာဆိုလို့ရှိရင် အရှေ့ဘက်မှာဆိုရင် ဧရာဝတီမြစ်နဲ့ ရေနံချောင်းမြို့နယ်နိမိတ်၊ အနောက်ဘက်မှာဆိုရင် စေတုတ္တရာမြို့နဲ့ အနောက်ရိုးမ၊ တောင်ဘက်မှာဆိုရင် ပွင့်ဖြူမြို့နဲ့ မုန်းချောင်း၊ မြောက်ဘက်မှာဆိုရင် ဆိပ်ဖြူမြို့နဲ့ စလင်းချောင်းတို့ ရှိပါတယ်။ ဒါဟာ စလင်းမြို့ အဝင်မုခ်ဦးလေးကို ကျွန်တော် အမှတ်တရ ရိုက်ပြထားတာ ဖြစ်ပါတယ်။

ဒုတိယအနေနဲ့ ဝက်သည်းကန် ကျွန်တော် ပြီးခဲ့တဲ့ ဩဂုတ်လ လွှတ်တော်ရပ်နားစဉ်မှာ စလင်းကို ရောက်တော့ ဝက်သည်းကန်ရဲ့ အခြေအနေကို ကျွန်တော်မှတ်တမ်းတင် ဓာတ်ပုံလေးတွေရယ် ဝက်သည်း

ကန်ရဲ့ကနေ့ လက်ရှိ အခြေအနေကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ဒါ ကနေ့ ဝက်သည်းကန် အခြေအနေပါ။ ကျွန်တော်သွားတဲ့ ဩဂုတ်လဆိုတာ ဝါဆို ဝါခေါင် ရေဖောင်ဖောင် ဆိုတဲ့အတိုင်း အရင် တုန်းကဆို ကန်ရေအပြည့်နဲ့ တင့်တင့်တယ်တယ် ရှိပါတယ်။ ဒီနေ့ကတော့ ဒိုက်တွေ အမှိုက်သရိုက်တွေနဲ့ ပြည့်ပြီးတော့ ကန်ကြီးက ပျက်စီးနေပါတယ်။ ဒါ ကန်ရေမှာ ရေနောက်ပြီး ရေကြည်ပြင် ဆိုတာမရှိတဲ့ အခြေအနေသိအောင် မှတ်တမ်းတင် ရိုက်ထားခြင်း ဖြစ်ပါတယ်။ ဒါက ကန်ထဲမှာ ကြာပန်းတွေလည်း ပျက်စီးတယ်။ အမှိုက်သရိုက်တွေ၊ နွံတွေနဲ့ ရေဆိုတာ မမြင်ရတဲ့ အခြေအနေလေးကို တင်ပြထားခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါက ကန်ရဲ့မြို့ကမ်းနား ဝက်သည်းကန်က စလင်းမြို့ အနောက်ဖျားမှာရှိတဲ့ မြို့ရဲ့ အနောက်ဖျားမှာရှိတဲ့ ကန်အစပ်ကို ရိုက်ပြထားခြင်း ဖြစ်ပါတယ်။ ဒါလည်း ကန်မှာပျက်စီးနေတဲ့ ပုံလေး တွေ မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်ခင်ဗျ။ ဒါကလည်း ကန်ရဲ့ ညစ်ပတ်နေတဲ့ ရေပြင်ဆိုတာ မရှိတော့ ပါဘူး။ ဟိုတုန်းက ကန်ထဲမှာ ကျွန်တော်တို့ လှေတွေ သွားလို့ လာလို့ရပေမယ့် ဒီနေ့ လှေလည်း လှော်လို့ မရတော့ဘူး။ ညစ်ပတ်၊ ပျက်စီးတိမ်ကောနေတဲ့ အခြေအနေတွေ မှတ်တမ်းတင် ရိုက်ထားတာ ဖြစ်ပါ တယ်။ ဒါကလည်း ကန်ထဲမှာ ကိုင်းပင်၊ နွံပင်တွေ ပေါက်နေတဲ့ပုံပါခင်ဗျ။ ဒါလည်း ကန်မှာ ပေါက်နေတဲ့ ပုံပါ။ ဒီကန်ဟာ ကျွန်တော်တို့ စလင်းမြို့နယ်သူ မြို့နယ်သားတွေအားလုံး မှီခိုရာ ဝက်သည်းကန် ဖြစ်ပါတယ်။ ကန်ကလည်း နှစ်ပေါင်း များစွာကြာပြီ။ စလင်းမြို့ကို စတင်တည်ထောင်တဲ့အချိန်က စလင်း မြို့နယ်သူ မြို့နယ်သားတွေ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် သောက်သုံးနိုင်ရန် ဆိုပြီးတော့ နရပတိစည်သူ မင်းကြီးလက်ထက် တိုင်းခန်းလှည့်လည်လာစဉ်က စလင်းမြို့ရဲ့ သမိုင်းဝင်ကန်တစ်ကန် ဖြစ်ပါ တယ်။

ကန်ရဲ့အကျယ်အဝန်း ကန်ပတ်လည် အလျား(၇)မိုင်ကျော်ရှိပြီးတော့ ကန်ပတ်လည်တစ်လျှောက် မှာလည်း မှီခိုနေတဲ့ ရွာပေါင်း(၁၂)ရွာလောက် ရှိပါတယ်။ ဒီရွာကြီးလူတွေက ကန်ကြီးကို မှီခိုအားထား နေရတာ ဖြစ်ပါတယ်။ ဒီကန်တည်ရှိနေခြင်းကြောင့် စလင်းမြို့ဟာ အညာဒေသဖြစ်သော်လည်း ရေ အခက်အခဲ မရှိပါဘူး။ ဒီကန်ရဲ့ Water Level ကြောင့် စလင်းမြို့တစ်မြို့လုံးမှာ ရေတွင်းရေကန်တွေ ပေါများလို့ ရေကောင်းရေသန့်တွေလည်း ရရှိပါတယ်။ သောက်သုံးရေအတွက် အကျိုးပြုသလိုပဲ စိုက်ပျိုး ရေးအတွက်လည်း အသုံးဝင်ခြင်း ဖြစ်ပါတယ်။ စလင်းမြို့ရဲ့ အရှေ့ဘက်မှာ လယ်ဧက(၁၂၀၀) ကျော်ကို နှစ်စဉ် ဒီကန်က ရေပေးနေရပါတယ်။ မှတ်တမ်းများအရဆိုရင် ဒီကန်ရဲ့ အခြေအနေက မြန်မာနိုင်ငံမှာ အင်းလေးကန်၊ အင်းတော်ကြီးကန်၊ မိတ္ထီလာကန်တို့ ပြီးလို့ရှိရင် စတုတ္ထအကြီးဆုံးကန်လို့ ကျွန်တော်တို့ သိရှိထားပါတယ်။ ဒီကန်ရဲ့ အရင်တုန်းကဆို အခုဆို ရေမျက်နှာပြင် မရှိပါဘူး။ အရင်တုန်းက ကန်ရဲ့ ရေမျက်နှာပြင်ကျယ်ဝန်းတဲ့ အကျိုးကျေးဇူးကြောင့် နွေရာသီကာလဆိုလည်း စလင်းမြို့ ပတ်ဝန်းကျင်ဟာ ပူပြင်းတဲ့ အပူဒဏ်ကို သာမန်မြို့ထက်စာရင် လျော့ရဲပြီး ခံစားရပါတယ်။

နောက်တစ်ခုက ဝက်သည်းကန်က ထွက်တဲ့ ရေထွက်ပစ္စည်းတွေကို မှီခိုပြီးတော့ ပတ်ဝန်းကျင် က ရွာတွေက ဒီမှာရှိတဲ့ ငါး၊ တိရစ္ဆာန်၊ ရေဘဲ၊ ရေကြက် စတဲ့ ရေသတ္တဝါတွေကို လုပ်ကိုင်စားသောက်တဲ့ သူတွေလည်း ဒီကန်ကို မှီခိုပြီးစားသောက်ရတာ အများကြီးပါ။ ဒါတွေက တင်ပြထားတဲ့ ကျွန်တော်တို့ ဒီကနေပြီးတော့ စလင်းမြို့ရဲ့ အရှေ့ဘက် ဧက(၁၂၀၀)ခန့်ရှိတဲ့ ရေပေးတဲ့ ရေထိန်းတံခါးလည်း ဖြစ်ပါတယ် ခင်ဗျ။ ဒါပေမဲ့ ဒီကန်ကြီးဟာ နှစ်ပေါင်းများစွာ ပြုပြင်မှု ကင်းမဲ့နေပါတယ်။ ကန်ဆယ်ရေးလုပ်ငန်းများ ကိုလည်း ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ကန်တခုလုံး အခု ကျွန်တော် တင်ပြထားတဲ့အတိုင်း နွံတွေ၊ အနယ်အနှစ်တွေနဲ့ ပျက်စီးပြီး တိမ်ကောနေပါတယ်။ တစ်ချိန်တစ်ခါတုန်းကတော့ ဒီကန်ကြီးအလယ်မှာ

ကြာဖြူ ကြာနီ တို့နဲ့ တင့်တင့်တယ်တယ်နဲ့ ရှိခဲ့တယ်။ ဒေသခံတွေအတွက် လုပ်စားစရာ ငါးတွေပေါတယ်။ ငှက်တွေ ပေါတယ်။ လုပ်စားကိုင်စားနဲ့ ဖြစ်တယ်။ ဒါပေမဲ့ ကနေ့ ဒီကန်ကြီးက ခြောက်သွေ့တိမ်ကောလာပြီးတော့ အားလုံးက ပျက်စီးယိုယွင်းနေပါတယ်။ ကျွန်တော်တို့ငယ်စဉ်ကစပြီး ဒေသအာဏာပိုင်တွေက တတ်နိုင်သလောက် သူ့ဟာသူလုပ်ပေးနေပေမယ့် ပြည်သူ့လုပ်အားနဲ့ လုပ်နေပေမယ့်လို့ ထိထိ ရောက်ရောက် မရှိတဲ့အတွက် ဒီကန်ကြီးဟာ နှစ်ကြာလာတာနဲ့ နှစ်ပေါင်း(၆၀)လောက်အတွင်းမှာ သိသိသာသာ ပျက်စီးနေတဲ့အခြေအနေ ရောက်ရှိနေပြီးတော့ တွေ့ရှိရပါတယ်ခင်ဗျ။

ဒါ့ကြောင့်မို့လို့ ဒီ ကန်ဆယ်ခြင်းပြုလုပ်တာဟာ ရှေးအစဉ်အဆက် ဘုရင်တွေ၊ မင်းတရားတွေ လက်ထက်တုန်းကလည်း လုပ်ခဲ့တယ်။ မြန်မာဘုရင်တွေ လက်ထက်ကတည်းက ဆောင်ရွက်ခဲ့တဲ့ ထုံးတမ်းအစဉ်အလာ ဖြစ်ပါတယ်။ ဒီကန်ကြီးကို အခု နှစ်ပေါင်း(၆၀)ခန့် ထိန်းသိမ်းသူ မရှိပါဘူး။ တကယ်တော့ ဒီကန်ဟာ ဘေးမဲ့ကန် ဖြစ်ပေမယ့် ဒီထဲမှာရှိတဲ့ သား၊ ငါးတွေ ဘေးတော့ မမဲ့ခဲ့ပါဘူး။ သစ်တောရေးရာနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေနဲ့လည်း ကန်ဟာ ဘေးမဲ့ကန် ဖြစ်တဲ့အတွက်လည်း စောင့်ရှောက်မှုရှိပေမယ့်လည်း ပြုပြင်ထိန်းသိမ်းမှု မရှိတဲ့အတွက် ကန်ကြီးဟာ ယခုကဲ့သို့ ပျက်စီးခြင်း ဖြစ်ပါတယ်။ ဒီကန်ကြီးကို ဆယ်ဖို့ ကျွန်တော်တို့ စလင်းမြို့နယ်သူ မြို့နယ်သားတွေရဲ့ လိုချင်အတောင့်တဆုံး အရာတစ်ခုလည်း ဖြစ်ပါတယ်ခင်ဗျ။

ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့ပြောရရင် ကျွန်တော်က စဉ်းစားကြည့်ပါတယ် ဒီလောက်ကြီးမားတဲ့ ကန်ကြီးတစ်ခုကို နိုင်ငံတော်က Project တစ်ခုချပြီး လုပ်မယ်ဆိုရင် သိန်းပေါင်း သန်းပေါင်း သိန်းချီကုန်မယ့် လုပ်ငန်းကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အခုချိန် ဆယ်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ရေအရင်းအမြစ်တစ်ခုကိုလည်း ထိန်းသိမ်းရာ ရောက်ပါတယ်။ တန်ဖိုးလည်း မဖြတ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဒီဝက်သည်းကန် ထိန်းသိမ်းရေးနဲ့ပတ်သက်လို့ ကျွန်တော် ခုန တင်ပြသလိုပါပဲ အခု ကျွန်တော်တို့ ဒါ ရေထိန်းတံခါး ရေလွှတ်နေတာပါ။ လယ်ယာစိုက်ပျိုးရေးဌာနက စိုက်ပျိုးမြေဧက (၁၂၀၀)လောက် ရေပေးနေပါတယ်။

နောက်တစ်ခါ ရေပေးတဲ့ လုပ်ငန်းကိုလည်း ဆည်မြောင်းကလုပ်တော့ ကျွန်တော်တို့ကတော့ ဘေးမဲ့ကန် ဖြစ်တဲ့အတွက် သစ်တောရေးရာနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ဆိုင်သော်လည်း ဆည်မြောင်းကလည်း အသုံးချနေတော့ ဘယ်ဝန်ကြီးဌာနကဖြစ်ဖြစ် ပြည်ထောင်စုအစိုးရအဆက်ဆက် ဒီကန်ကြီးတွေကိုတော့ ပြုပြင်ထိန်းသိမ်းခြင်းအားဖြင့် နိုင်ငံတော်ရဲ့ အရင်းအမြစ်တစ်ခုကို ဆယ်တင်ရာ ရောက်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော့်ဒေသခံ မဲဆန္ဒရှင်ပြည်သူတို့ရဲ့ လိုအပ်ချက်လည်းဖြစ်လို့ ဒါလေးကို ပြည်ထောင်စုအစိုးရအနေနဲ့ မည်သည့်ဝန်ကြီးဌာနပဲ ဆောင်ရွက်သည်ဖြစ်စေ ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။


ဒါကြောင့်မိုလို့ ကျွန်တော် မေးခွန်း မေးချင်တာကတော့ ကျွန်တော်တို့ မေးခွန်းနံပါတ် (၁)က ဝက်သည်းကန်သည် ဘေးမဲ့ကန်ဖြစ်ပါသဖြင့် တာဝန်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်သော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုနေသော ရေလှောင်ကန် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန်ဆယ်ခြင်းလုပ်ငန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန သို့မဟုတ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနံပါတ်(၁) ဖြစ်ပါတယ်။ မေးခွန်း

နံပါတ်(၂)ကတော့ အကယ်၍ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

စလင်းမြို့ တည်နေရာပြပုံ (စ)




စလင်းမြို့၊ ဂက်သည်းကန်နှင့် ရွှေမုဋ္ဌောစေတီတော် ပုံ(စ-၁)



စလင်းမြို့၊ ဝက်သည်းကန်အတွင်း ကြာပင်၊ ပိတ်ပင်များ ပေါက်ရောက်ပြီး ကန်ရေပြင်ပျက်စီးနေပုံ (စ-၂)




**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ၏ မေးမြန်းချက်နှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဆင်ဖုန်ချောင်းနှင့် လှော်ကော်ရိုးတစ်လျှောက် တိမ်ကောပိတ်ဆို့နေမှုများအား ရှင်းလင်း တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ယခုနှစ်အတွင်း လှည်းကူးမြို့နယ်၌ ယခင်နှစ်များကထက် မိုး ပိုမိုရွာသွန်းခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်တွင် လှည်းကူးမြို့နယ်အတွင်း မိုးရွာသွန်းမှုများသည် ဇူလိုင်လအတွင်းတွင် (၂၈.၈)လက်မသာ ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ မိုးရေချိန်မှာ (၄၀.၈)လက်မထိ နှစ်ဆခန့် ပိုမိုရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာခဲ့ပါတယ်။ ထို့ကဲ့သို့ သာမန်ထက်ပိုမို ရွာသွန်းမှုကြောင့် ဆင်ဖုန်ရေတံခါး တစ်ခုတည်းမှသာ ရေထုတ်နုတ်ပေးနေရခြင်းကြောင့် အချိန်တို အတွင်း စီးဆင်းလာသည့် မိုးရေများကို ကုန်အောင်ထုတ်နိုင်ခြင်း မရှိပါ။ ငမိုးရိပ်ချောင်းမှ ဒီရေကျချိန်

တွင်သာ ရေနုတ်နေရခြင်းကြောင့် ပတ်ဝန်းကျင်ရှိ လယ်မြေများအတွင်းသို့ ရေများဝင်ရောက်ပြီး နစ်မြုပ်နေခြင်း ဖြစ်ပါတယ်။ ဆင်ဖုန်ချောင်း တိမ်ကောပိတ်ဆို့နေမှုများအား ရှင်းလင်းပေးရန်နှင့် ပတ်သက်၍ ယခုနှစ် ၂၀၁၄ ခုနှစ် မိုးမတိုင်မီ ဧပြီ၊ မေလအတွင်း ဆင်ဖုန်ချောင်းအားတူးဖော်ပြီး နုန်းတူးခြင်းလုပ်ငန်း အလျား(၈၀၀၀)ပေနှင့် ဒိုက်ဗေဒါများ ရှင်းလင်းခြင်းအား အလျား(၂၄၀၀၀)ပေကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ လှော်ကော်ရိုး တိမ်ကောပိတ်ဆို့နေမှုများ ရှင်းလင်းတူးဖော်ပေးရန်နှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ မေလတွင် လှော်ကော်ရိုးထိပ်အဝတွင် (၄ ပေ x ၅ပေ)အကျယ် ရေထိန်းတံခါး(၂)ပေါက် တည်ဆောက်ပြီး ဖြစ်ပါတယ်။ တည်ဆောက်ပြီးသည့် ရေထိန်းတံခါး၏အထက်ပိုင်း ချောင်းတစ်လျှောက်ကိုလည်း ကွင်းဆင်းစစ်ဆေးပြီး တူးဖော်ရန်လိုအပ်ပါက ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

လှည်းကူးမြို့နယ်အတွင်း ယခုနှစ် ရေကြီးရေလျှံမှုသက်သာစေရန်နှင့် အမြန်ဆုံး ရေထွက်နှုန်းကောင်းစေရန်အတွက် ဘားလားကျေးရွာအနီး ဘားလားချောင်းဟောင်းနှင့် ဘားလားချောင်းသစ်နှင့်ဆက်စပ်သည့် အလျားပေ(၄၀၀၀)ရှိသည့် ရိုးကို ၂၃-၈-၂၀၁၄ ရက်နေ့တွင် တူးဖော်ခဲ့ပါတယ်။ ထို့နောက် ဦးတိုက်ရိုး တူးဖော်ခြင်း အလျားပေ (၁၄၅၀၀)ကို ၂၄-၈-၂၀၁၄ ရက်နေ့တွင် တူးဖော်ခဲ့ပြီး ဖြစ်ပါတယ်။ ဒေသခံများ၏ တင်ပြချက်များအရ မောင်ကြီးရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၃၀၀၀)ပေ တူးဖော်ခြင်းအား ၂၅-၈-၂၀၁၄ ရက်နေ့တွင် အလျား(၁၁၀၀)ပေ တူးဖော်ပြီးဖြစ်ပါတယ်။ စက်ယန္တရားအသစ်များအသုံးပြု၍ လျင်မြန်စွာ ဆောင်ရွက်ပေးခြင်းအားဖြင့် လှည်းကူးမြို့နယ်အတွင်း ရေကြီး၊ ရေနစ်မြုပ်မှုလျော့နည်းသက်သာမည် ဖြစ်ပါတယ်။

ဂဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်း ရေထွက်ပေါက်(၃)ခုအား လိုအပ်သော ရေထွက်ပေါက်များ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဂဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်းအား စီးဆင်းလာသောရေများ လဂွန်းပြင်လက်တံ(၂)တူးမြောင်း ရေထုတ်ပွန်(၃)ပေါက်မှတစ်ဆင့် ခရီနာချောင်း အတွင်းသို့ စီးဆင်းပါတယ်။ ၎င်းရေထုတ်ပွန်(၃)ခုမှာ ကျဉ်းမြောင်းခြင်းကြောင့် ရေကြီး၊ ရေမြုပ်ရခြင်း ဖြစ်ရပါတယ်။ လယ်မြေများ ရေကြီးနစ်မြုပ်မှု သက်သာစေရန် လဂွန်းပြင် လက်တံ(၂)မြောင်း ရေထုတ်ပွန် (၃)ပေါက်အနီးမှ မြောင်းဘောင်အား ယာယီချိုးဖောက်၍ ရေများကို ထုတ်နုတ်ခဲ့ပါတယ်။ ရေကြီးမှု သက်သာစေရန် အဆိုပါ ရေထုတ်ပွန်(၃)ပေါက်အား ချဲ့နိုင်ရန်အတွက် ပြန်လည်တိုင်းတာပြီး ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ၏ မေးမြန်းခြင်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊စလင်းမြို့နယ်၊ ဝက်သည်းကန်အား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနမှ ၅-၇-၁၉၃၉ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၇၅)ဖြင့် ဝက်သည်းကန်ဘေးမဲ့တောအဖြစ် ကြေညာခဲ့ပါတယ်။ ဧရိယာအကျယ်အဝန်းမှာ (၁၀၈၈)ဧက (၁.၇၀) စတုရန်းမိုင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အပူပိုင်းဇုံအတွင်း ပါဝင်လျက်ရှိပြီး အခြားဒေသမှ ဆောင်းခိုငှက်၊ ကုန်းငှက်၊ ရေပျော်ငှက်များ ကျက်စားလျက်ရှိသော ကန်တစ်ခုဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် အထက် (၁၉၆)

ပေတွင် တည်ရှိသော ရေတိမ်ဒေသ (Wet Land) တစ်ခု ဖြစ်ပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ဘေးမဲ့တောအဖြစ် ဖွဲ့စည်းသတ်မှတ်ထားသော ဝက်သည်းကန်နှင့် ကန်ဝန်းကျင်ရှိ ရေဝေရေလဲဇရိယာများရှိ သဘာဝတောများအား ပြုစုထိန်းသိမ်း ခြင်းကိုသာ ဌာန၏ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန အနေဖြင့် ကန်နှင့် ကန်ပတ်ဝန်းကျင်ရှိ သဘာဝတောများ၊ ဂေဟစနစ်များကို ပြုစုထိန်းသိမ်းခြင်း လုပ်ငန်း ကိုသာ ဆောင်ရွက်ရခြင်းဖြစ်ပြီး ကန်ဆယ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ တိုင်း ဒေသကြီး ဆည်မြောင်းဦးစီးဌာနမှလည်း တာဝန်ယူထိန်းသိမ်းထားသောကန် မဟုတ်သောကြောင့် ကန် ဆယ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကန်ဆယ်ခြင်းလုပ်ငန်း လျာထားချက် ပါရှိခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝက်သည်းကန်ကတော့ နည်းနည်း မိုင်တစ်ထောင်ကျော် ပတ်လည်ရှိတယ် ဆိုတဲ့ အခါကျတော့ ဒါ အမွေအနှစ်အနေနဲ့ ထိန်းသိမ်းဖို့တော့ လိုတာပေါ့။ အဲဒီတော့ တခြားနိုင်ငံ မှာလည်း ခုန နယူးဇီလန်မှာ Taupo မြို့မှာ Taupo Lake ဆိုတာရှိတယ်။ အဲဒီတော့ အစိုးရနဲ့ ဒေသခံ စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းထားတာပေါ့။ ပြည်သူနဲ့ ပေါင်းပြီးတော့မှ စောင့်ရှောက်တာ။ အစိုးရချည်းပဲ လုပ်ပေးပြီးလို့ ပစ်ထားလို့လည်း မရဘူး။ ပြည်သူက တာဝန်ယူပြီးတော့ အဖွဲ့ ဖွဲ့ပြီးတော့ စောင့်ရှောက် ရမယ်။ ရန်ပုံငွေ စုဆောင်းထားရမယ်။ ရေရှည်ထိန်းသိမ်းရမယ်။ အခုကတော့ ရေသန့်ဖို့၊ ကန်သန့်ဖို့ လောက်ကိုတော့ လုပ်သင့်တာပေါ့။ နုန်းဆယ်တာတွေ ဘာတွေက သိပ်အကုန်အကျ များရင်တောင်မှပဲ ကန်သန့်ဖို့လောက်အထိကိုတော့ ပြည်ထောင်စုအစိုးရကနေပြီးတော့ ဘတ်ဂျက်မှာ တင်ပေးပြီးတော့ လုပ်ပေးလိုက်ဖို့ လိုတယ်။ ပြီးရင် မြို့က ထိန်းသိမ်းရမယ်။ ညစ်ပတ်တာ မြို့ကမထိန်းသိမ်းလို့ ညစ်ပတ် တာပဲ။ ဟို ဒါက အမိန့်တွေ၊ အာဏာတွေနဲ့ စာလို့ရှိရင် လူတစ်ဦးချင်းရဲ့ အသိစိတ်ဓာတ်၊ မိမိဒေသရဲ့ ခုနက သဘာဝအမွေအနှစ်ကို မြတ်နိုးတဲ့စိတ်ဓာတ်နဲ့ ဒီလို လုပ်ဖို့လိုတာပေါ့။ အဲဒီစောင့်ရှောက်ရေးအဖွဲ့ ဆိုတာ ဂေါပကအဖွဲ့ပေါ့။ ဒီအဖွဲ့ကပဲ စည်းမျဉ်းစည်းကမ်း ထုတ်ပြီးတော့ အားလုံးဝိုင်းဝန်းလိုက်နာမယ် ဆိုရင် ဒါရေရှည် ဖြစ်သွားမယ့်သဘော ရှိပါတယ်။ အဲဒီတော့ သွားပြီးတော့ Survey လုပ်ခိုင်းလိုက်ပါဦး။ လုပ်ခိုင်းပြီး လိုအပ်လို့ရှိရင် တင်ပြပါဆိုတာပေါ့နော်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လူမှုဖူလုံရေးဆေးခန်းနှင့် လူမှုဖူလုံရေးရုံးခန်း ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လူမှုဖူလုံရေးဆေးခန်းနှင့် လူမှုဖူလုံရေးရုံးခန်း ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်တစ်ခုဖြစ်တဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်သူများ လူထုရဲ့ကိုယ်စား မေးမြန်းမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် အတွင်း လူမှုဖူလုံရေးဆေးခန်းနှင့် လူမှုဖူလုံရေးရုံးခန်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်တစ်ခုဖြစ်တဲ့ ဒဂုံဆိပ်ကမ်းဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ လူဦးရေစုစုပေါင်း(၁၂၀၀၀၀)လောက်ရှိပြီးတော့ အဲဒီမှာ (၁၈)နှစ်အထက် အလုပ်လုပ်နေတဲ့ အခြေခံလုပ်သားရဲ့ အရေအတွက်ကတော့ (၈၀၀၀၀)ခန့်ရှိပြီး (၁၈)နှစ်အောက်က (၃၀၀၀၀)ခန့် ရှိပါတယ်။ အဲဒီတော့ ဒီလို အလုပ်သမားအများစုနေပြီးတော့ ကျွန်တော်တို့ အခြေခံအလုပ်သမားတွေလည်း အဲဒီမှာ များပါတယ်။ နောင်လည်း ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးလာမယ့် အနေအထားရှိပါတယ်။ နှစ်စဉ်လည်း ကျွန်တော်တို့ ရန်ကုန်မြို့ရဲ့ ဈေး၊ အိမ်ဈေး၊ မြေဈေး၊ နောက်ပြောရရင် သာကေတတို့ ဟုတ်လား၊ တောင်ဒဂုံတို့တောင်မှ ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းထက် မြေဈေးတွေက များပါတယ်။ ဒါကြောင့်မို့လို့ သာမန်လက်လုပ်လက်စားတွေဟာ အဲဒီမှာမနေနိုင်ဘဲနဲ့ အခု ဒဂုံဆိပ်ကမ်းကိုပဲ အားကိုးအားထားပြီးတော့ လာနေကြတာတွေ့ရပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ကျွန်တော်တို့ အထူးသဖြင့် အခြေခံ လုပ်သားပေါ့၊ ကျွန်တော်တို့ မြန်မာနိုင်ငံက ပွင့်လင်းလာပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကြီးများရဲ့ ဥပဒေပြုမှု၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေပြုတယ်။ နောက်တစ်ခါ နိုင်ငံတော်အစိုးရနဲ့ ဝန်ကြီးဌာနတွေရဲ့ ကြိုးပမ်းမှုကြောင့် ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ အလုံးအရင်းနဲ့ ဝင်လာပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က (1.2)ဘီလီယံလောက် ဝင်ပြီးတော့၊ ၂၀၁၃ မှာတော့ (4.3)ဘီလီယံဆိုတော့ (၃)ဆလောက် တိုးတယ်။ အဲဒီမှာ အများစုက ဘာတွေ့ရသလဲဆိုတော့ Labour Intensive လို့ခေါ်တဲ့ ကျွန်တော်တို့ အလုပ်သမား၊ လုပ်အားခ ဈေးတော်တဲ့ အခြေအနေကို အမိအရယူပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ CMP လို့ခေါ်တဲ့ Camp Manufacture and Package ကျွန်တော်တို့ အထည်ချုပ် စက်ရုံတွေ၊ နောက် ဖိနပ်စက်ရုံတွေ အဲဒါတွေက အလုံးအရင်းနဲ့ ဝင်လာတယ်။ တစ်ပတ် တစ်ပတ်ကို အဆိုပြုတာကို ကျွန်တော်တို့ စက်ရုံ(၄)၊ (၅)ရုံရှိပြီးတော့ တစ်လမှာ စက်ရုံ(၂၀)လောက် ခန့်မှန်းခြေ ဝင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီစက်ရုံတစ်ရုံ ဝင်လာပြီဆိုရင် ကျွန်တော်တို့ အထည်ချုပ်စက်ရုံဆိုရင် လုပ်သား(၁၀၀၀)ပဲ။ အဲဒီတော့ တစ်လမှာ စက်ရုံ(၂၀)လောက် ဝင်နေတဲ့အတွက်ကြောင့် အလုပ်သမားတွေ ကျွန်တော်တို့ (၂၀၀၀၀)လောက်ပေါ့၊ အလုပ်အကိုင်တွေ ရနေကြပါတယ်။ အဲဒီအလုပ်သမားအများစုကလည်း ဘယ်မှာလာနေကြလဲဆိုတော့ ကျွန်တော်တို့ရဲ့ ဒဂုံဆိပ်ကမ်းလိုနေရာမှာပဲ နေနိုင်တယ်။ ကျွန်တော်တို့ ဒီဘက်ကို၊ ရန်ကုန်မြို့နားကို ကပ်လို့မရပါဘူးခင်ဗျား။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ ဒဂုံဆိပ်ကမ်းမှာ သာမန်လက်လုပ်လက်စားတွေများတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီမှာ လူမှုဖူလုံရေး

ဆေးခန်း မရှိပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဆီက အလုပ်သမားတွေ ထိခိုက်မှုဖြစ်ရင်၊ အရေးပေါ်ဖြစ်ရင် အမြန်ကုဖို့လိုတဲ့အခါမှာ အတော်လေးခက်ပါတယ်။ ဘယ်ကို သွားရလဲဆိုတော့ ကျွန်တော်တို့ တောင်ဒဂုံ(စက်မှုဇုန်)ထဲမှာရှိတဲ့ လူမှုဖူလုံရေးဆေးခန်းကို သွားရပါတယ်။ လူမှုဖူလုံရေး ဆေးခန်းကိုလည်း အလုပ်သမားတွေက အားကိုးကြတယ်။ ဘာကြောင့်လဲဆိုတော့ အထူးသဖြင့် ဒီအစိုးရ လက်ထက်မှာ ကျွန်တော်တို့ လူမှုဖူလုံရေးဝန်ကြီးဌာနကလည်း တက်တက်ကြွကြွနဲ့ ကျွန်တော်တို့ အလုပ်သမားတွေကို ပံ့ပိုးနေတာတွေ့ရတယ်။ အထူးသဖြင့်တော့ သတင်းစာထဲမှာ အများဆုံးတွေ့ရ တာကတော့ Migrant Workers ပေါ့။ Migrant Workers တွေကို အများဆုံး ကျွန်တော်တို့ လူမှုဖူလုံရေးကနေပြီး လုပ်ပေးနေတာတွေ့ရတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အလုပ်သမားတွေက အားကိုးတဲ့ ဒီ လူမှုဖူလုံရေး ဆေးခန်းတစ်ခုလောက် ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းမှာ ဖွင့်ပေးနိုင်ရင်တော့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ ဒဂုံဆိပ်ကမ်းမှာရှိတဲ့ အလုပ်သမားတွေအတွက် အများကြီး အဆင်ပြေပါမယ်။

ကျွန်တော်တို့ ချက်ချင်းကုသခံယူရန်လိုတဲ့ လုပ်ငန်းခွင်ထိခိုက်မှုလို ဟာမျိုးဆိုရင် တောင်ဒဂုံကို သွားရရင် ကျွန်တော်တို့ ကား(၂)တန်စီးရတယ်။ ဒဂုံဆိပ်ကမ်းကနေပြီးတော့ တောင်ဒဂုံနယ်စပ်အထိ တစ်ခါစီး၊ အဲဒီကနေပြီးတော့ စက်မှုဇုံထဲမှာရှိတဲ့ လူမှုဖူလုံရေးဆေးခန်းကိုစီးတော့ ကျွန်တော်တို့ စရိတ်လည်း ကုန်ပါတယ်ခင်ဗျား။ နောက်တစ်ခါ အချိန်ကလည်း (၁)နာရီလောက်ယူရပါတယ်။ စရိတ် စကဆို တစ်ခါတလေ ကျွန်တော်တို့ အဲဒီမှာ လိုင်းကားမရှိရင် ကျွန်တော်တို့ ဆိုင်ကယ်ကယ်ရီနဲ့ သွားတဲ့အခါမှာ (၁၀၀၀)၊ (၁၅၀၀) စသည်ဖြင့် ကုန်ပါတယ်။ နောက် မကျန်းမမာမှု၊ ငွေရေးကြေးရေး အကျိုးခံစားခွင့်များ၊ မီးဖွားမှုငွေကြေးအကျိုးခံစားခွင့် စသည်တို့ကို ထုတ်ယူလိုတဲ့အခါမှာလည်း တောင်ဒဂုံတို့ ဘာတို့ကို သွားရတဲ့အတွက်ကြောင့် အများကြီးကုန်ပါတယ်ခင်ဗျား။ အချိန်လည်း ကုန်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိလည်း အလုပ်သမားတွေ အများကြီးနေပြီးတော့ အလုပ်သမားမြို့လို့တောင် ကျွန်တော်တို့ ခေါ်လို့ရတဲ့ ဒဂုံဆိပ်ကမ်းလိုနေရာမှာ ကျွန်တော်တို့ လူမှုဖူလုံရေးဆေးခန်း တစ်ခုနဲ့ ခုနက အကျိုးခံစားခွင့်တွေကိုသွား Claim လုပ်နိုင်ဖို့အတွက် ဥက္ကဋ္ဌကြီးခင်ဗျား၊ လူမှုဖူလုံရေး ရုံးခန်းတစ်ခုလောက် ဖွင့်ပေးနိုင်ခြင်း ရှိ/မရှိကို ကျွန်တော့်အနေနဲ့ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ တကယ်လို့ ဒီနှစ်ဘတ်ဂျက်တွေ ဘာတွေမပါရင်လည်း နောက်နှစ် နောက်နှစ်များမှာ ဘတ်ဂျက်မှာ ထည့်ဆွဲပြီးတော့ ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ အနူးအညွတ် ပန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဒေါ်ဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်မ ဦးစွာ ဂါရဝပြုအပ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒအမှတ်(၂)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးညွန့်တင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်မ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အနေနဲ့သော်လည်းကောင်း၊ လူမှုဖူလုံရေး ဥက္ကဋ္ဌ တစ်ယောက် အနေနဲ့သော်လည်းကောင်း ပြန်လည်ဖြေကြားပေးပါ့မယ်ရှင့်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးမှာ အကျုံးဝင် မှတ်ပုံတင်အလုပ်ဌာနပေါင်း(၅၄၀)ဌာန ရှိပါတယ်ရှင့်။ အလုပ်သမားပေါင်း (၂၉၀၂၅)ဦး ရှိပါတယ်။ အဆိုပါ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးမှာ အကျုံးဝင် မှတ်ပုံတင် ထားတဲ့ အလုပ်ဌာနနဲ့ အလုပ်သမားများအနက် ဒဂုံဆိပ်ကမ်းမြို့နယ် အလုပ်ဌာန(၁၄၇)ဌာန ရှိပါတယ်။ အလုပ်သမားပေါင်း (၁၂၇၀၆)ဦးရှိပါတယ်ရှင့်။ အဆိုပါ ဒဂုံဆိပ်ကမ်းမြို့နယ်က အာမခံ အလုပ်သမား များကို ဆေးကုသမှုနဲ့ ငွေကြေးအကျိုးခံစားခွင့် ဆောင်ရွက်ပေးမှုများကို ဒဂုံမြို့သစ်(တောင်ပိုင်း)မှာရှိတဲ့ (၆၄)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ ချင်းတွင်းလမ်း၊ အမှတ်(၁၁၈/၁၄၂)မှာ ဖွင့်လှစ်ပြီးတော့ ဒဂုံမြို့သစ် (တောင်ပိုင်း) လူမှုဖူလုံရေးနှင့် ဆေးခန်းမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိ အချိန်လေး မှာတော့ ဒီဒဂုံဆိပ်ကမ်းမြို့နယ်နဲ့ ပတ်သက်ပြီး လူမှုဖူလုံရေးဆေးခန်းနဲ့ ရုံးဖွင့်လှစ်ဖို့ လျာထားချက်တော့ မရှိသေးပါဘူးရှင့်။ ဒါပေမဲ့ အဲဒီ ဒဂုံမြို့သစ်၊ ဒဂုံဆိပ်ကမ်းမြို့နယ် မြို့နယ်အတွင်းမှာရှိတဲ့ အာမခံ အလုပ်သမားနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ အကျိုးခံစားထုတ်ပေးမှုတွေကို ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးဖို့အတွက်တော့ စီစဉ်ဆောင်ရွက်သွားပါ့မယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**တီးတိန်မြို့ ကမ်းဟောက်ဘောလုံးကွင်းအား စံချိန်မီ အားကစားကွင်းအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန်မြို့ ကမ်းဟောက်ဘောလုံးကွင်းအား စံချိန်မီ အားကစားကွင်းအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းမယ့် မေးခွန်းက တီးတိန်မြို့ ကမ်းဟောက် ဘောလုံးကွင်းအား စံချိန်မီအားကစားကွင်းအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ် တွင် ရပ်ကွက်(၄)ခု၊ ကျေးရွာအုပ်စု(၅)အုပ်စုနဲ့ ကျေးရွာပေါင်း(၁၃၂)ရွာရှိပြီး အစိုးရအထက်တန်းကျောင်း (၈)ကျောင်းရှိပါတယ်။ မြို့နယ်အတွင်း အားကစားပြိုင်ပွဲများကို ရပ်ကွက်ကျေးရွာအုပ်စုအလိုက်သော် လည်းကောင်း၊ ဇုန်နယ်အလိုက်သော်လည်းကောင်း၊ ကျောင်းအုပ်စုအလိုက် ကျောင်းသားအားကစား

ပြိုင်ပွဲများကိုလည်းကောင်း နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ ကမ်းဟောက်ဘောလုံးကွင်း တစ်ခုတည်းကိုသာ အသုံးပြုပြီး အပြေးပြိုင်ပွဲများကို ဘောလုံးကွင်းအတွင်းမှာပင် ပြေးလမ်းအတွက် လိုင်းဆွဲ၍ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဘောလုံးကွင်း၏ အလျားလိုက်အရှည်မှာ လုံလောက်လျက်ရှိပြီး အနံအကျယ်မှာ စံချိန်မီရရှိရန် ထပ်မံတိုးချဲ့ရန် လိုအပ်မည် ဖြစ်ပါတယ်။ ဘောလုံးကွင်း၏ မြောက်ဘက်မြေပြင်မှာ နိမ့်ဆင်းနေပါသဖြင့် မိုးရာသီအချိန်တွင် ရေဝပ်လျက်ရှိနေပါတယ်။ ၎င်းအပြင် ဘောလုံးကွင်းသည် မြို့လယ်ခေါင်မှာ တည်ရှိပြီး အမှတ်(၁)အစိုးရအထက်တန်းကျောင်း အဝင်လမ်းမှာ ရှိနေပါသဖြင့် ရပ်ကွက်နေ ပြည်သူများ၊ ကျောင်းသူ/ကျောင်းသားများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်များပါ ဘောလုံးကွင်းအတွင်း ဖြတ်သန်းသွားလာနေခြင်းကြောင့် ပြင်ဆင်ထိန်းသိမ်းရန် အလွန်ခက်ခဲလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းဟောက်ဘောလုံးကွင်းကို ပြေးလမ်းများပါဝင်တဲ့ စံချိန်မီ အားကစားကွင်းအဖြစ် တိုးချဲ့ရန် လက်ရှိကွင်းမြေပြင်မှ အနက်(၂)ပေခန့် ထပ်မံတူးဖော်ပြီး အရှေ့မှ အနောက်ဘက်မြေပြင်ကို စနစ်တကျ မြေညှိတာချဲ့ရန် လိုအပ်မည်ဖြစ်ပါတယ်။ ကွင်းပြင်ဆင်ထိန်းသိမ်းနိုင်ရန်အတွက် ကွင်းတစ်ခုလုံးကို အုတ်တံတိုင်းအဖြစ် သို့မဟုတ် သင့်လျော်သော ခြံစည်းရိုးဖြင့် အခိုင်အမာကာရံပြီး ပွဲကြည့်စင်များကိုလည်း ပြန်လည်ဆောက်လုပ်ရန် လိုအပ်မှာဖြစ်ပါတယ်။ အားကစားကဏ္ဍ တိုးတက်ဖွံ့ဖြိုးဖို့ မြှင့်တင်ခြင်းဟာ မြို့နယ်၊ ကျေးလက်ဒေသများမကျန် ဘက်စုံဖွံ့ဖြိုးစေရန်အတွက် မရှိမဖြစ်လိုအပ်သော ကဏ္ဍတစ်ခုဖြစ်ပါတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၏ ဘက်စုံဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌လည်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း အထူးတင်ပြလိုပါတယ်။ ကျွန်တော်တို့ တီးတိန်မြို့နယ်မှ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာနိုင်ရန် လိုအပ်လျက်ရှိတဲ့ စံချိန်မီ အားကစားကွင်းကြီးတစ်ခု ရရှိနိုင်ရေးအတွက် နိုင်ငံတော်မှ အထူးကိစ္စတစ်ရပ် အဖြစ်စီမံဆောင်ရွက်ပေးရန် အလေးအနက် တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ကိုယ်စား အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ (၁) တီးတိန်မြို့ ကမ်းဟောက်ဘောလုံးကွင်းအား ဘေးပတ်လည် ပြေးလမ်းများ ပါဝင်သည့် စံချိန်မီ အားကစားကွင်းအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) အားကစားကွင်းအား အုတ်တံတိုင်း သို့မဟုတ် သင့်လျော်သော ခြံစည်းရိုးဖြင့် ကာရံပေးရန် အစီအစဉ် ရှိ/မရှိ။ (၃) ပွဲကြည့်စင်များကို ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးဇော်ဝင်း (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ အားကစား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇော်ဝင်း ဖြစ်ပြီး အားကစားဝန်ကြီးဌာနကိုယ်စား ချင်းပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ရဲ့ တီးတိန်မြို့ ကမ်းဟောက်ဘောလုံးကွင်း အား စံချိန်မီအားကစားကွင်းအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ချင်းပြည်နယ် အစိုးရအဖွဲ့နဲ့ ညှိနှိုင်းချက်အရ ချင်းပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ ဟားခါးမှာ အဆင့်မီအားကစားကွင်း ဝမ္မသူးမောင် တစ်ကွင်းရှိပါတယ်။ တီးတိန်၊ ထန်တလန်၊ မတူပီ၊ ပလက်ဝမြို့များမှာတော့ ဘောလုံးကွင်း များဟာ အသေးစား ပွဲကြည့်စင်များပါရှိတဲ့ သာမန်အသုံးပြုနိုင်တဲ့ အဆင့်ဖြစ်ကြောင်း သိရှိရပါတယ်။ ပြည်နယ်အတွင်း ဘောလုံးကွင်းများနှင့် မြို့နယ်အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပနိုင်ရေးအတွက် ဘောလုံးအားကစားကွင်းများကို ဦးစားပေးမြို့နယ်အလိုက် ပြင်ဆင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အားကစားဝန်ကြီးဌာန အနေနဲ့ ၉-၉-၂၀၁၄ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၁(၁၁)/၁၀၀-ဆလ/လကရ နှင့် ကျွန်တော်တို့ ချင်းပြည်နယ်အစိုးရကို ညှိနှိုင်းရာမှာ ချင်းပြည်နယ်မှာရှိတဲ့ အောက် ဖော်ပြပါ မြို့နယ်များအတွင်း ဘောလုံးအားကစားကွင်းနှင့် အားကစားရုံများ ပြင်ဆင်ရေးအတွက် ပြည်နယ်အစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်မှာ ဦးစားပေး အစီအစဉ်အလိုက် ဦးစားပေး ဆောင်ရွက်နိုင်ပါရန် ညှိနှိုင်းခဲ့ပါတယ်။ (က) တီးတိန်မြို့၊ ကမ်းဟောက်ဘောလုံးကွင်းအား စံချိန်မီ အားကစားကွင်းအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန်၊ (ခ) ပလက်ဝမြို့နယ်အားကစားကွင်းကို ဘက်စုံပြုပြင် ပေးရန်နှင့် အားကစားရုံတစ်ရုံ ဆောက်လုပ်ပေးရန်၊ (ဂ) ထန်တလန်မြို့မှာရှိတဲ့ အားကစားကွင်းနဲ့ ပွဲကြည့် စင်များ အလွန်ပျက်စီးဟောင်းနွမ်းနေပြီးတော့ အားကစားဘောလုံးကွင်းများကို မြို့စံချိန်နဲ့အညီ ပြုပြင် ပေးရန် ဆိုပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းခဲ့ပါတယ်။

သို့ဖြစ်ပါ၍ တီးတိန်မြို့နယ်၊ ကမ်းဟောက်ဘောလုံးကွင်း အားကစားကွင်း တိုးချဲ့ဆောင်ရွက် ပေးရန်အတွက် ယခု ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်ထဲမှာ မပါရှိသေးသော်လည်းပဲ လာမယ့် ၂၀၁၅-၂၀၁၆ မှာ ဘဏ္ဍာရေးနှစ်မှာ အစိုးရရဲ့ မြို့နယ်အလိုက် ဦးစားပေး လျာထားဆောင်ရွက်ပြီး ချင်းပြည်နယ်ရဲ့ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို အထောက်အကူပြုစေရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော မြန်မာ့လေကြောင်း ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာ့လေကြောင်း ဥပဒေကြမ်းကို ၄-၃-၂၀၁၄ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက အဆိုတင်သွင်းပြီး ၂၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့လေကြောင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါ တယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့လေကြောင်း ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၃၀-၉-၂၀၁၄ ရက် (အင်္ဂါနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ရေးဆွဲ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်

ရေးဆွဲဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးစိုင်းကျော်ဇောသန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၀င် ဒုတိယ၀န်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းသာ၊ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရ၀ပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ မြန်မာနိုင်ငံဟာ တည်ငြိမ်အေးချမ်းပြီး အန္တရာယ်အသွယ်သွယ်ကင်းရှင်းတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဒီမိုကရေစီစနစ် ကူးပြောင်းတည်ဆောက်ရေးလမ်းကြောင်းအပေါ်မှာ စတင်လျှောက်လှမ်းနေတဲ့ အချိန်အခါ ဖြစ်ပါတယ်။ ဒီလို လျှောက်လှမ်းနေကြတဲ့ အချိန်အခါမှာ ပြည်သူများရဲ့ စိတ်ထဲမှာ မိမိတို့အပေါ် အန္တရာယ်တစ်ခုခု ကျရောက်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်ပူပန်မှုမျိုး မရှိစေလိုပါဘူး။ မြို့ပြကြီးတွေမှာ နေထိုင်ပြီး နေ့စဉ်သွားလာနေတဲ့ ပြည်သူအများစုဟာ သူတို့ရဲ့ လူမှုရေး၊ မိသားစုအရေး၊ စားရေး၊ သောက်ရေးအတွက် အပူအပင်တွေနဲ့ ရုန်းကန်လှုပ်ရှားနေကြရတာမို့ သူတို့အပေါ် ကျရောက်လာမယ့် လျှပ်စစ်အန္တရာယ်ကို ကြိုတင်စဉ်းစားကာကွယ်ဖို့ စဉ်းစားထားနိုင်မှာ မဟုတ်ပါဘူး။ ဖြစ်လာ၊ ကြုံလာမှ ခံလိုက်ကြရတော့ အသက်ဆုံးရှုံးမှုတွေ တွေ့ကြုံလိုက်ကြရပါတယ်။ ဒီလိုကိစ္စမျိုးကို ယခင်ကလည်း ဖြစ်ခဲ့ဖူးသလို အခုတလောလည်း တွေ့မြင် ကြားသိနေရဆဲဖြစ်ပါတယ်။ သတင်းဂျာနယ်များနဲ့ အခြားမီဒီယာတွေကတစ်ဆင့် မကြာခဏ ကြားသိရလို့ ဒီလျှပ်စစ်အန္တရာယ်ကို ပြည်သူများအတွက် ကာကွယ်ပေးဖို့ လုပ်ငန်းတာ၀န်တွေ ပေါ်ပေါက်လာရပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကို ဆောင်ရွက်ပေးဖို့ ပြည်ထောင်စုအစိုးရမှာ တာ၀န်ရှိလာတာကို မြင်ရပါတယ်။ ဒီလိုကိစ္စမျိုး ပေါ်ပေါက်လာတဲ့အခါမှာ ပြည်ထောင်စုအစိုးရက ကာယကံရှင်တွေကို ကူညီပေးခြင်း၊ ငွေကြေးအလျော်ပေးခြင်း စသည်မျိုး ဆောင်ရွက်ပေးရတာများကို သိရှိရပါတယ်။ မဖြစ်အောင်လည်း ကြိုတင်ပြင်ဆင်ကာကွယ်မှုလုပ်ငန်းတွေကို လုပ်ပေးနေတယ်လို့လည်း သိရှိရပါတယ်။

သို့သော် ထိရောက်တဲ့ဆောင်ရွက်မှုမျိုး မဟုတ်သေးတာကိုတော့ ပြည်သူများက ခံစားသိရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူအများရဲ့ကိုယ်စား တင်ပြချင်တာကတော့ ဖြစ်ပြီးမှ ကူညီမှုလိုက်ပေးရတာ၊ လျော်ကြေးပေးရတာထက် ပြဿနာမပေါ်ခင်ကတည်းက ပြဿနာမပေါ်အောင် ကြိုတင်ကာကွယ်မှု လုပ်ပေးတာမျိုး ဖြစ်စေချင်တာပါ။ ဒီလိုကာကွယ်ရေးလုပ်ငန်း လုပ်တော့မယ်ဆိုရင် ယခုထက်ပိုမိုစိတ်ချရတဲ့ အဆင့်မြင့်နည်းပညာနဲ့တကွ နိုင်ငံတော်ရဲ့ ငွေကြေးများစွာ ကုန်ကျမှာပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းနဲ့ ငွေကြေးအလုံးအရင်းများစွာ အကုန်အကျမခံနိုင်တဲ့ ကာလမှာ အန္တရာယ်ဖြစ်နိုင်ခြေရှိတဲ့ နေရာတွေမှာ ပြုပြင်ခြင်း၊ အသစ်လဲလှယ်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းစတဲ့ အစီအမံတွေနဲ့ အခုချိန်က

စပြီး တစ်နှစ်ပြီး တစ်နှစ် ရေတို၊ ရေရှည် စီမံကိန်းဖြင့် စီမံဆောင်ရွက်သွားမယ်ဆိုရင် ကောင်းမွန်မလားလို့ အကြံပြုပါတယ်။ ပြည်ထောင်စုအစိုးရဟာ မိမိပြည်သူများအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းကိစ္စ ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော် ပြည်သူတစ်ယောက်အနေနဲ့သော်လည်းကောင်း၊ ပြည်သူ့ကိုယ်စားလှယ် တစ်ယောက် အဖြစ်သော်လည်းကောင်း အများပြည်သူ လျှပ်စစ်အန္တရာယ်မှ ကင်းရှင်းအောင် အောက်ပါအဆိုကို လေးနက်စွာဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။

အဆိုမှာ မြန်မာနိုင်ငံတွင် ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအမံများ ချမှတ်ရေးဆွဲနိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့ အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၃)။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယသန်း ၏ ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းစံမင်း မှ ထောက်ခံပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းကျော်ဇေယသန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်သူများ အပေါ်ကျရောက်သော ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ရေးဆွဲဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းကျော်ဇောသန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ ကကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

ဦးစိုင်းကျော်ဇောသန်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]